## Myanmar Technologies and Investment Corporation Public Co., Ltd. (MTI)

## ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်
## ဒသမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး

**အခမ်းအနားအစီအစဉ်**

၁။ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာအားရှင်းလင်းတင်ပြခြင်း။

၃။ အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက Financial Position နှင့် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းစဉ်များအားတင်ပြခြင်း။

၄။ စာရင်းစစ်အဖွဲ့ဝင်တစ်ဦးက စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း။

၅။ အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၆။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၇။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာအသစ်များအား အတည်ပြုခြင်း။

၈။ ၂၀၂၃-၂၀၂၄ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်မင်းဦးက အမှာစကားပြောကြားခြင်း။

၉။ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်းကြေညာခြင်း။

| | | |
|---|---|---|
| **နေ့ရက်** | - | **၉-၀၉-၂၀၂၃ (စနေနေ့)** |
| **အချိန်** | - | **မွန်းလွဲ (၂:၀၀) နာရီ** |
| **ကျင်းပမည့်နေရာ** | - | **Conference hall, Main Building, MICT Park, Hlaing Township** |

**အစီအစဉ် (၁) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီးနောက် ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒသမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖွင့်လှစ်ကြောင်း၊ ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် -

“ယနေ့ကျင်းပတဲ့ MTI အများပိုင်ကုမ္ပဏီရဲ့ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို ကြွရောက်ချီးမြှင့်ပေးကြပါသော ဧည့်သည်တော်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် **“Win Thin & Associate”** မှ ဧည့်သည်များ၊ အားလုံးကို “မင်္ဂလာပါ” လို့ ဦးစွာနုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီသည် နှစ်စဉ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးများကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ပါဆိုလျှင် ဒသမအကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၀ ခုနှစ်ကနေ ၂၀၂၂ နှစ်အထိ ZOOM Video conferencing ဖြင့်သာ ကျင်းပလာခဲ့ရာ ယခုနှစ်မှာတော့ ပြင်ပမှာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီ စတင်တည်ထောင်ခဲ့စဉ်က မတည်ရင်းနှီးငွေ (Paid up Capital) မှာ (၁.၅ ဘီလီယံ)ကျပ်သာဖြစ်သော်လည်း Rights Issue ရှယ်ယာ (၃) ကြိမ် ခေါ်ယူပြီး နောက်ပိုင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များအတွက် အမြတ်ဝေစုများခွဲဝေရာမှာ ငွေသားမပေးပဲ အစုရှယ်ယာ (Bonus Share) များကိုသာ ပေးအပ်ခဲ့ ခြင်းကြောင့် ယခုအခါ စုစုပေါင်းအစုရှယ်ယာ (၄၅၈,၀၉၇) စု၊ မတည်ရင်းနှီးငွေပမာဏ (Paid up Capital) မှာ (၅.၄၃၅) ဘီလီယံ ကျပ်ကျော်အထိ တိုးတက်လာခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်း များရဲ့ ရှေ့အလားအလာများအား ထည့်သွင်းတွက်ချက်ထားခြင်းမရှိပဲ ယနေ့အထိ ရင်းနှီးမြှုပ်နှံ ထားခဲ့တဲ့ လုပ်ငန်းများ၏ ပကတိတန်ဖိုးကို တွက်ချက်ရာမှာ (၉.၉၅) ဘီလီယံကျပ်ကျော်ရှိတာကိုတွေ့ရမှာပဲဖြစ်ပါတယ်။ (အောက်တိုဘာ-၂၀၂၁ မှ မတ်လ-၂၀၂၂ ထိ) (၆)လစာ စာရင်းစစ်အစီရင် ခံစာနှင့် (ဧပြီ-၂၀၂၂ မှ မတ်လ-၂၀၂၃ ထိ) တစ်နှစ်စာ စာရင်းစစ်အစီရင် ခံစာများကိုလည်း အစုရှယ်ယာရှင်လူကြီးမင်းများ အားလုံးသိရှိနိုင်ဖို့ ကျွန်တော်များ MTI ရဲ့ website ဖြစ်တဲ့ www.mti.com.mm မှာ တင်ထားပြီးဖြစ်ပြီး ယနေ့ တက်ရောက်လာကြတဲ့ အစုရှယ်ယာရှင်များကိုလည်း ဝေငှပေးထားပြီးပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

ကျွန်တော်တို့ MTI အများပိုင်ကုမ္ပဏီအနေနဲ့ ယခုအချိန်အထိ အဓိကရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းများရဲ့အခြေအနေကို အကျဉ်းချုပ်တင်ပြရရင်တော့ MTSH ကုမ္ပဏီဟာ အစုရှယ်ယာရှင်များအားလုံးကို နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကျွန်တော်များ MTI ကုမ္ပဏီအနေဖြင့် ကျပ်ငွေ **၂.၉၈၈၁** ဘီလီယံ ကျပ်ကျော်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့စတင်ရင်းနှီးမြှုပ်နှံခဲ့တဲ့ ကျပ်ငွေ **၁.၉၅ ဘီလီယံ** ကျပ်ထက် သာလွန်တဲ့ အမြတ်ဝေစုကိုပြန်လည်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် MTSH နှင့် ဖက်စပ်တည်ထောင်ထားတဲ့ MJTD ကုမ္ပဏီနဲ့ TPD ကုမ္ပဏီများတွင်လည်း မြန်မာဘက်ခြမ်းက အရာရှိများရဲ့ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများကြောင့် MJTD မှာဆိုရင် ၂၀၂၂ ခုနှစ်ကစတင်ပြီး စီမံခန့်ခွဲမှုစရိတ် ၂၆% အထိ

လျှော့ချနိုင်ခဲ့ကာ TPD သည်လည်း အစုရှယ်ယာရှင်များအား (၁.၅) ဘီယီယံကျပ်ကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးခဲ့ပြီး (၈.၅) ဘီယီယံကျပ်ကို ထိမ်းသိမ်းထားရှိကာ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနဲ့ ကုန်ထုတ်စွမ်းအား အတွက် အရေးပါတဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းဌာန MSME Commercial Hub ဖွံ့ဖြိုးတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံသွားရန် စီစဥ်ထားရှိကြောင်းလည်းကြားသိရပါသည်။ ၎င်းအပြင် MTSH သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) မှာ ရှယ်ယာရောင်းဝယ်မှုအများဆုံးအဖြစ် ပြီးခဲ့သည့် ဘဏ္ဍာနှစ်(၂)နှစ်မှာ ဆက်လက် ရပ်တည်ခဲ့ပါတယ်။

MTI အများပိုင်ကုမ္ပဏီကနောက်ထပ် အဓိကရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများထဲတွင် Myanmar Payment Solution Services Co., Ltd. (MPSS) သည် Octoverse ဆိုသည့် Mobile Payment Gateway တစ်ခုကိုတည်ထောင်ကာ Payment Gateway Platform ပေါ်ကနေ ဘဏ်များနှင့်ချိတ်ဆက်ပြီး အဆင်ပြေ ချောမွေ့စွာဖြင့် ဝန်ဆောင်မှုများပေးလျှက်ရှိနေပြီဖြစ်ပါတယ်။ ၎င်းအပြင် ပိုမိုစုံလင်သော Payment Method များစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် လက်ရှိဈေးကွက်မှာ အသုံးများတဲ့ Global Card, Local Card များ၊ Digital Payment များ၊ Internet & Mobile Banking များဖြင့်ချိတ်ဆက်ပြီး Service များပေးနိုင်ရန်လည်း ကြိုးပမ်းလျှက်ရှိပါသည်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

MTI ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင် ကုမ္ပဏီမှာ အစုရှယ်ယာ **၁၀.၇၆ %** ပိုင်ဆိုင်ပါတယ်။ MNTH သည် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ပြီး တာဝါတိုင်များတည်ဆောက်ခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် လျှက်ရှိရာမှာ တာဝါတိုင်ပေါင်း (၃၅၀) ရှိပြီး တစ်လလျှင်ဝင်ငွေ ကျပ်သန်း (၈၄၀) ကျော် ရရှိလျှက်ရှိပါတယ်။ MNTH သည် Mytel တွင် ယနေ့အထိ အစုရှယ်ယာ ၁၂ % ပိုင်ဆိုင်ထားပြီး၊ Mytel ရဲ့ ယခုအချိန် ရရှိသည့်ဝင်ငွေဟာ Operation Cost များနုတ်ပြီး ပါက Positive ဖြစ်ကာပြည်တွင်း တယ်လီကွန်းဈေးကွက်မှာ ဒုတိယနေရာ၌ရှိနေပြီး တစ်ခါတစ်လေမှာ ပထမနေရာသို့ တက်သွားသည်များရှိသည်ဟုကြားသိရပါသည်။

MTI အများပိုင်ကုမ္ပဏီက ၁၀၀% ရင်းနှီးမြှုပ်နှံထားတဲ့ "လိုရာမြန်မာကုမ္ပဏီလီမိတက်" ကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလမှာတည်ထောင်ခဲ့ပါတယ်။ ယခုအခါ **"လိုရာ" တက္ကစီအက်ပလီကေးရှင်း** သည်သုံးစွဲသူဦးရေ များပြားလာကာ အက်ပလီကေးရှင်းပေါ်မှ ခရီးသည်နှင့်ယာဥ်မောင်းချိတ်ဆက်မှုအားကောင်းလာနေပြီဖြစ် ပါတယ်။ အက်ပလီကေးရှင်းကို အသုံးမပြုတတ်သူများကိုလည်း လွယ်ကူစွာဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ် ကာ လက်တားစနစ်ဖြင့် သွားလာနိုင်မှာဖြစ်ပြီး "လိုရာသွား" တင်မကပဲ "လိုရာပို့" ဆိုတဲ့ Feature လည်း ပါဝင်တာကြောင့် လူမလိုက်ဘဲ ပစ္စည်းများကိုလည်း ပေးပို့နိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီများအနေဖြင့်လည်း မိမိတို့ရဲ့ဝန်ထမ်းများအတွက် လုပ်ငန်းကိစ္စသုံးစွဲခြင်း၊ ဝန်ထမ်းကြို/ပို့ ခြင်းများအတွက် အသုံးပြုနိုင်တဲ့

Corporate Business Plan နဲ့ Ferry Plan များကိုလည်း စီစဉ်ထားရှိရာ အစုရှယ်ယာရှင်ကုမ္ပဏီများအနေဖြင့် လွယ်ကူသက်သာစွာအသုံးပြုနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် Member Benefit Program မှာ MOU လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။

သည့်အပြင် လွန်ခဲ့တဲ့လပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YRTC, YCTA စတဲ့သက်ဆိုင်ရာအဖွဲ့များက ရန်ကုန်မြို့မှာရှိတဲ့ Taxi ဝန်ဆောင်မှုများနဲ့ပတ်သက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဝန်း စတဲ့နေရာများမှာ ခရီးသည်ရော ယာဉ်မောင်းများပါ ဘေးကင်းလုံခြုံမှုရှိစေရေး၊ ဈေးနှုန်းမှန်ကန်ရေး စသည်တို့ကို ဦးစားပေးကာ စနစ်တကျပြောင်းလဲမှုကြီးဖြစ်ဖို့ ကြိုးစားခဲ့ရာမှာ ဒီကနေ့ အောင်မင်္ဂလာအဝေးပြေးဝန်းအတွင်း "လိုရာ"တက္ကစီယာဉ်များ ဝင်ရောက်ပြေးဆွဲခွင့်ရရှိနေပြီဖြစ်ပါတယ်။ "လိုရာ" နဲ့ပတ်သက်တဲ့ လတ်တလောတိုးတက်မှုအခြေအနေနဲ့ ရှေ့အလားအလာများရဲ့ အသေးစိတ်ကိုတော့ CEO က နောက်ပိုင်းမှာဆက်လက်ရှင်းပြပေးသွားမှာ ပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် MTI ကုမ္ပဏီရဲ့ သက်တမ်းသည် (၁၀) နှစ်ကျော် (၁၁)နှစ်တာကာလအတွင်း ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်ပြီး စတင်တည်ထောင်စဉ်ကတည်းက ယခုအချိန်အထိ စဉ်ဆက်မပြတ် ယုံကြည်စွာရင်းနှီးမြှုပ်နှံထောက်ခံမှုပေးခဲ့ကြတဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ဆက်လက်ပြီး ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးနဲ့ CEO တို့ကလည်း ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။" ဟု ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - အမှုဆောင်အရာရှိချုပ်ဦးမျိုးမင်းဦးက Financial Position နှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာတွင် "အားလုံးပဲမင်္ဂလာပါ။" ဟု ဦးစွာနုတ်ဆက်ပြီး၊ ဒီနေ့အထွေထွေအစည်းအဝေးကြီးကို အချိန်ပေး တက်ရောက်လာကြတဲ့ အစုရှယ်ယာရှင်များနှင့် ဧည့်သည်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြောကြားပါသည်။ ကျွန်တော်အနေနဲ့ MTI အများပိုင်ကုမ္ပဏီမှာ CEO ရာထူးတာဝန်ကိုထမ်းဆောင်လျှက်ရှိပြီး၊ ဒီနေ့မှာတော့ ကျွန်တော်များကုမ္ပဏီက လုပ်ဆောင်နေသည်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းကိစ္စများကိုတင်ပြပေးသွားမှာပဲဖြစ်ကြောင်း၊ ပထမဦးဆုံး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ လုပ်ဆောင်ခဲ့သည်များကို တင်ပြရာတွင် အပိုင်း (၅) ပိုင်းခွဲပြီးတင်ပြသွားမည်ဖြစ်ကြောင်း၊ ပထမအပိုင်းမှာ ကျွန်တော်များ MTI ကုမ္ပဏီရဲ့ ရည်ရွယ်ချက်အနေနဲ့ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများကို အဓိကဦးစားပေးပြီးဆောင်ရွက်နေကြောင်း၊ ထိုနည်းတူစွာပဲ နှစ်စဉ် BOD များရွေးချယ်တင်မြှောက်ရာမှာလည်း Anonymous Voting စနစ်ဖြင့် ရွေးချယ်ပါကြောင်း၊ ပြည်သူလူထုရဲ့အခြေခံလိုအပ်ချက်တွေအပေါ်မူတည်ပြီးတော့ ရေရှည်အကျိုးရှိမဲ့လုပ်ငန်းများကိုရည်ရွယ်ကာ ဦးစားပေးလုပ်ဆောင်လျှက်ရှိကြောင်း၊ Shareholder များရဲ့ အကျိုးစီးပွားအတွက် နိုင်ငံတကာရဲ့အတွေ့အကြုံများရယူပြီး Good Governance နှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပြီး စာရင်းဇယားများကိုလည်း ပွင့်လင်းမြင်သာစွာ လုပ်ကိုင်

လျှက်ရှိရာ သိချင်တာများရှိပါကလည်း ရုံးသို့လာရောက်ပြီး အသေးစိတ်မေးမြန်းနိုင်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ချက်များနဲ့ပတ်သက်ပြီးသိလိုသည်များ၊ အကြံပြုချင်တာများရှိပါကလည်း ကြွရောက်ပါရန်ဖိတ်ခေါ်ပါကြောင်း၊ ပြောကြားပါသည်။

ဆက်လက်ပြီး ဦးမျိုးမင်းဦးက MTI အများပိုင်ကုမ္ပဏီက ၁၀၀ % ရင်းနှီးမြှုပ်နှံထားသည့် Loyar Myanmar Co., Ltd. ကို ၂၀၂၀ ခုနှစ်မှာတည်ထောင်ခဲ့ရာ၊ ၂၀၂၂ ခုနှစ်မှာ ASEAN-Korea Startup Week တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်မှာ ASSOCIA 2023 ICT Startup Award ကိုလည်း ဝင်ရောင်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိခဲ့ပြီး လာမည့်နိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံတွင် သွားရောက် ဆုယူရမှာဖြစ်ပါကြောင်း၊ နံပါတ် (၂) အချက်ဖြစ်တဲ့ Financial အနေနဲ့ပြောရမည်ဆိုပါက ရှေ့မှာလည်း ကျွန်တော်တို့ရဲ့ဥက္ကဋ္ဌပြောခဲ့သလို အစုရှယ်ယာစုစုပေါင်း (၄၅၈,၀၉၇) အစုရှိပြီး၊ ရင်းနှီးမြှုပ်နှံထားတဲ့ငွေပမာဏက (၅.၈၅၂) ဘီလီယံကျပ်ဖြစ်ကာ ဒါနဲ့ပြန်လည်ပြီးရင်းနှီးမြှုပ်နှံလုပ်ကိုင်ထားတဲ့လုပ်ငန်းများကတော့ MTSH, MPSS, MNTH, Kyauk Phyu နှင့် Loyar Myanmar တို့ဖြစ်ပြီး၊ အခုစက်တင်ဘာလ Current Position အရ (၁၀.၄၈၄) ဘီလီယံကျပ် ဖြစ်ကြောင်း၊ ဒါကြောင့်ခေါ်ယူခဲ့တဲ့ရှယ်ယာတန်ဘိုးရဲ့ (၂)ဆနီးနီးပြန်လည်ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ Account receivable အနေနဲ့ ကျပ်သိန်း (၁,၁၀၀) ကျော်ရှိပြီး၊ Loan ကတော့ (၁.၆) ဘီလီယံကျပ်ဖြစ်ကြောင်း၊ Retained earning အနေနဲ့ကတော့ (၁၀)နှစ်ကျော်ကာလမှာ ကျပ် (၇,၉၁၇) သိန်းကျော်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး အပိုင်း (၃) ဖြစ်သည့် Operation အပိုင်းနှင့်ပတ်သက်၍တင်ပြရာတွင် “လိုရာ” ကိုအသေးစိတ်လေးတင်ပြရမည်ဆိုပါက သူက Taxi ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး၊ ပုံမှန်ထက်ကွဲထွက်နေတဲ့ “လိုရာ” ဟာ App ဖြင့်သာမကပဲ လက်တားဖြင့်လည်း သွားနိုင်အောင်စီစဉ်ထားကြောင်း၊ အခုအခါ MTI မှာ Internal IT team လည်းရှိနေပြီဖြစ်ရာ Platform များ Solution များလည်းလုပ်ဆောင်လျှက်ရှိကြောင်း၊ Shareholder များထဲက ပူးပေါင်းဆောင်ရွက်လိုသူများရှိပါကလည်းကျွန်တော်တို့မှာထုတ်လုပ်ထားတဲ့ Product များ ရှိပါကြောင်းပြောကြားကာ MTI ကထုတ်လုပ်ထားသည့် Product list အား Presentation slid ဖြင့်ပြသ ခဲ့ပါသည်။




ဆက်လက်ပြီး ၂၀၂၃ ခုနှစ်အတွင်းမှာ မြင်သာထင်သာရှိတဲ့ Project များကတော့ အခုလတ်တလောမှာ ရေပန်းစားနေတယ်တဲ့ EV ကားတစ်စီးကို MyansTicket က ဝယ်ယူကာ ကံစမ်းမဲဖေါက်ပေးတဲ့ အစီအစဉ်ကို MyansTicket ရဲ့ Platform မှာလုပ်ဆောင်လျှက်ရှိရာ ဒီလထဲမှာ အဆုံးသတ်မှာဖြစ်ကြောင်း၊ ဒါကိုတော့ AMUSE Cosmetic နှင့်ပူးပေါင်းလုပ်ဆောင်ထားခြင်းဖြစ်ကြောင်းပြောကြားပြီး MyansTicket တွင်ပါဝင်တဲ့ Features များကို Presentation slid ဖြင့်ပြသခဲ့ပါသည်။ နောက်တစ်ခုကတော့ Membership Management System ဖြစ်ပြီး MCBA အတွက်ရေးဆွဲပေးထားတာဖြစ်ကြောင်း၊ ဒီအထဲတွင် Member benefit, Member directory, Payment, Online registration အစရှိတဲ့ Member နဲ့ပတ်သက်တဲ့ တစ်နေရာတည်းမှာ One stop လုပ်၍ရတဲ့အကြောင်းအရာများပါဝင်ကြောင်း၊ ဆက်လက်ပြီး ebidMyanmar ဟု အမည်ပေးထားသည့် Software သည် Pearl Auction အတွက်ရေးဆွဲထားခြင်းဖြစ်ရာ ဒါကိုတော့ Launch မလုပ်ရသေးပေမဲ့ Launch လုပ်နိုင်တဲ့အထိ ကြိုးစားသွားမှာဖြစ်ကြောင်း၊ Loyar Myanmar မှာဆိုရင် "လိုရာသွား" နှင့် "လိုရာပို့" ဆိုပြီးရှိကာ App ကနေ Taxi ခေါ်ပြီးစီးလို့ရသလို၊ စာရွက်စာတမ်းလိုမျိုးအရေးကြီးပစ္စည်းများကိုလည်း ပို့ဆောင်၍ရကြောင်း၊ Taxi စီးရာမှာလည်း App ဖြင့်ခေါ်လို့ရသလို App မသုံးတတ်တဲ့သူများအတွက်လည်း လမ်းပေါ်မှာ "လိုရာ" Sticker ကပ်ထားတဲ့ကားများကို တားပြီး "လက်တား"စနစ်နဲ့လည်း စီးနင်း၍ရကြောင်း၊ ကီလိုမီတာကိုအခြေပြုတားသည့်စနစ်ဖြစ်တာကြောင့် ကြိုက်သလောက်သွားပြီး၊ သွားသလောက်ပေးရမှာဖြစ်ပြီး ဒါရိုက်ဘာနဲ့ ခရီးသည်များအကြား (၂) ဦး (၂) ဖက် မနစ်နာစေရန်လုပ်ဆောင်ထားပြီး ဒီစနစ်လေးသာ အသက်ဝင်ပြီး အသုံးပြုကြမည်ဆိုပါက Taxi စီးတဲ့နေရာမှာ ဘာမှအခက်အခဲမရှိနိုင်ကြောင်း၊ Loyar Myanmar Co., Ltd. ကို ၂၀၂၀ ခုနှစ်မှာစတင်တည်ထောင်ခဲ့ကြောင်း၊ သို့သော်လည်းပဲ ကိုဗစ်နဲ့ နိုင်ငံရေးကိစ္စတွေကြောင့် ၂၀၂၂ အထိ ဘာမှကောင်းကောင်းမွန်မွန်မလုပ်နိုင်ခဲ့ကြောင်း၊ အဲဒီအချိန်များမှာ နိုင်ငံခြားကုမ္ပဏီတော်တော်များများလည်းပြန်ထွက်သွားကြပြီး၊ Local ကုမ္ပဏီအချို့လည်းအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီအခြေအနေများကို တောင့်ခံထားနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်မှာတော့ ပြန်ပြီးခေါင်းထောင်လာနိုင်အောင် ကြိုးစားခဲ့ကြောင်းနှင့် Taxi market ရဲ့ အခြေအနေကိုလည်းရှင်းပြရာ ၂၀၁၅/၂၀၁၆ ခုနှစ်မှာ Taxi service များစတင်ပေါ်ပေါက်လာကြောင်း၊ Hello Cab, Oway တို့ပေါ်လာပြီး နောက်တစ်ဆင့် ၂၀၁၆ မှာ Grab ရောက်လာကြောင်း၊ ၂၀၁၇ မှာ Get Ride ထပ်မံပေါ်လာကာ၊ ၂၀၁၈ မှာတော့ Fast Go ပေါ်လာကြောင်း၊ ၂၀၂၀ ခုနှစ်မှာတော့ ကျွန်တော်တို့ "လိုရာ" ပေါ်ပေါက်လာကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်မှာတော့ ဈေးကွက်အတွင်း Grab နှင့် "လိုရာ" သာရှိတော့ကြောင်း၊ လက်ရှိမှာ "လိုရာ" သည် International ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Grab ရဲ့ Competitor အနေနဲ့ လုပ်ဆောင်နေရပြီဖြစ်ကာ Shareholder များအားလုံးရဲ့ ကူညီပံ့ပိုးကူညီမှု လိုအပ်ပါကြောင်း၊ ပြောကြားပြီး "လိုရာ" ရဲ့ ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တိုးတက်လာမှုများကို Presentation slide ဖြင့်ပြသခဲ့ပါသည်။

## LOYAR PROGRESS

**LOYAR OPERATIONAL SUCCESS**

The graph presented below illustrates the Passenger and Driver Progress data.




ဆက်လက်ပြီး CEO က ဒီရက်ပိုင်းအတွင်းမှာပဲ “လိုရာ” သည် အောင်မင်္ဂလာအဝေးပြေးဝန်းတွင် တက္ကစီဝန်ဆောင်မှု လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး၊ စက်တင်ဘာလ (၄)ရက်နေ့မှာတော့ “လိုရာ” တက္ကစီဝန်ဆောင်မှု စတင်တဲ့ ဖွင့်ပွဲနေ့ဖြစ်ကြောင်းနှင့် MTI ရဲ့ လက်ရှိ Clients များကိုလည်း Slide ဖြင့်ပြသခဲ့ပါသည်။





## OUR CLIENT & PARTNER

ဆက်လက်ပြီး အပိုင်း (၄) ဖြစ်သည့် Investment နှင့်ပတ်သက်ပြီးပြောကြားရာ Amuse Cosmetics နှင့်ပူးပေါင်းကာ MyanTickets ကိုဆောင်ရွက်ထားတာရှိကြောင်း၊ MFVP အသင်းနဲ့ Organic စိုက်ပျိုးရေး Platform တစ်ခုလည်းလုပ်ဆောင်ထားပါကြောင်း၊ အပိုင်း (၅) အနေနဲ့ ၂၀၂၃ ခုနှစ် မှာတော့ "လိုရာ" ကို အရှိန်အဟုန်မြှင့်ပြီး ဆက်လက်လုပ်ဆောင်မှာဖြစ်သလို MyanTickets ကိုလည်းလုပ်ဆောင်မှာဖြစ်ကြောင်း၊ နောက် MPSS ရဲ့ Octoverse သည်လည်း ဈေးကွက်ကိုထိုးဖေါက်တဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ MRTV ကလည်း အစောပိုင်းပြောခဲ့တာက ရုပ်မြင်သံကြားဖြစ်ပြီး၊ နောက်ထပ် MRTV Radio ရဲ့ Audio broadcast management system ကိုလည်း လုပ်ကိုင်ခွင့် ရရှိထားသည့်အပြင် Audio library ကိုလည်း ဝန်ဆောင်မှုပေးဖို့ရရှိထားကြောင်းပြောကြားကာ နောက်ဆုံးအနေနဲ့ "လိုရာ" ကို အစုရှယ်ယာရှင်များရဲ့အားနဲ့ အမြန်ဆုံးအောင်မြင်အောင်ဆောင်ရွက်လိုပါကြောင်း၊ ဘယ်လိုပူးပေါင်းပါဝင်ရမလဲ? ဆိုတာကတော့ "လိုရာ" တက္ကစီဝန်ဆောင်မှုကို သုံးပေးကြစေလိုပါကြောင်း၊ ကိုယ့်ရဲ့လုပ်ငန်းပိုင်းဆိုင်ရာမှာလည်း Corporate Service ဆိုတာရှိပြီး အစုရှယ်ယာရှင်များ စတင်အသုံးပြုမည်ဆိုပါက Initial Setup fee ကို Waive လုပ်ထားပေးကြောင်း၊ ဒါကိုသုံးခြင်းအားဖြင့်ဘာတွေ အကျိုးရှိမလဲ? နံပါတ် (၁)က လစဉ် Taxi စီးနင်းတာကို ဘယ်အချိန်မှာ ဘယ်နေရာကိုသွားတယ်၊ စသဖြင့် Report ထုတ်ပေးကြောင်း၊ နံပါတ် (၂) က သွားနေတဲ့အချိန်မှာလည်း Desk board မှ Real Time ကြည့်လို့ရကြောင်း၊ နံပါတ် (၃) က ဝန်ထမ်းများရဲ့ စီးနင်းခွင့်ကိုလည်း ကန့်သတ်လို့ရတာကြောင့် များစွာအဆင်ပြေမှာဖြစ်ပြီး၊ အဲဒီအတွက် ဝန်ဆောင်ခသည် လစဉ် Taxi စီးနင်းထားတဲ့ ငွေပမာဏရဲ့ ၅ % သာ Management fee အဖြစ်ပေးရမှာဖြစ်ကြောင်း၊ နောက်တစ်ခုကတော့ အရှေ့ပိုင်းတွင်ပြောကြားခဲ့တဲ့ Project များရေးဆွဲထားတာရှိပြီး Launch မလုပ်ရသေးတဲ့ လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားပါကလည်းကောင်း၊ နောက်ထပ် အစုရှယ်ယာရှင်များက လုပ်ကိုင်ချင်တဲ့ Idea များရှိပါကလည်းကောင်း ကျွန်တော်အနေနဲ့ ဖိတ်ခေါ်လိုပါကြောင်းပြောကြားရင်း ကျွန်တော်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်ခွင့်ပြုပါ။ ဟုပြောကြားခဲ့ပါသည်။

**အစီအစဉ် (၄) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူမှာဖြစ်ကြောင်း၊ MTI သည် စာရင်းစစ် Partner ဒေါ်နုဝါနှင့် စာရင်းစစ်ဆေးခဲ့သည်မှာ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဖြစ်ကြောင်း၊ ကုမ္ပဏီ၏မူဝါဒအရ (၁၀) နှစ်လျှင်တစ်ကြိမ် စာရင်းစစ် Partner ပြောင်းလဲစစ်ဆေးရန်ပါရှိပါသဖြင့် ယခုနှစ်တွင် **"Win Thin & Associate"** စာရင်းစစ်အဖွဲ့က စာရင်းစစ် Partner ဒေါ်နေမင်းသန့်နှင့်ပြောင်းလဲစစ်ဆေးခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာအား ဦးဝင်းဗလမင်းက ဖတ်ကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်း၊ ပြောကြားပါသည်။

ဦးဝင်းဗလမင်းက - "အားလုံးပဲ မင်္ဂလာပါ" ဟုဦးစွာနုတ်ခွန်းဆက်သပြီး-

"လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော်ကတော့ **"Win Thin & Associate"** စာရင်းစစ်အဖွဲ့က စာရင်းစစ် ဦးဝင်းဗလမင်း ပဲဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ **"Win Thin & Associate"** ၏ စာရင်းစစ်များကိုယ်စား Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဦးစွာပထမပြောကြားလိုပါတယ်။" စသဖြင့် အစချီပြီး MTI အများပိုင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ၏ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များ၏နှစ်ချုပ်စာရင်း ပြင်ပစာရင်းစစ်အစီရင်ခံစာကိုလည်း ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များအားလုံးကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် စာရင်းစစ်အစီရင်ခံစာ အကျဉ်းချုပ်ကိုသာ ဖတ်ကြားတင်ပြသွားမည်ဖြစ်ကြောင်းပြောကြားပြီး၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားအတည်ပြုခဲ့ပါသည်။

**အစီအစဉ် (၅) အရ** - အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့်မေးမြန်းချက်များနှင့်ပတ်သက်ပြီး ဒါရိုက်တာအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များမရှိသော်လည်း အစုရှယ်ယာရှင်များသိလိုသည်များကို officemticorp@gmail.com သို့ အီးမေးလ်ဖြင့် ပေးပို့ပြီးမေးမြန်းနိုင်ပါကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ပြောကြားပါသည်။

**အစီအစဉ် (၆) အရ** - မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားရန်အတွက်၊ **"Win Thin & Associate"** စာရင်းစစ်အဖွဲ့အား မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီအတွက် ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်မည်ဖြစ်ကြောင်းကို တက်ရောက်လာသည့် အစုရှယ်ယာရှင်အား သဘောတူပါသလား? မေးမြန်းရာ တက်ရောက်လာကြသူများက သဘောတူပါကြောင်း၊ ပြောကြားသဖြင့် **"Win Thin & Associate"** စာရင်းစစ်အဖွဲ့အား ပြင်ပစာရင်းစစ်အဖြစ်ဆက်လက်ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်ကကြေညာပါသည်။

**အစီအစဉ် (၇) အရ** - ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသောဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုပေးခြင်းအစီအစဉ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာ (၃) ဦးနုတ်ထွက်မည်ဖြစ်ရာ ၎င်းတို့မှာ (၁) ဦးထင်အောင်ခိုင် (၂) ဦးဇော်မင်းဦးနှင့် (၃) ဦးမျိုးမြင့်ထွန်းတို့ဖြစ်ကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင်အတွက် အရွေးချယ်ခံသည့်သူ (၃)ဦးသာရှိသည့်အတွက် ဦးထင်အောင်ခိုင်၊ ဦးဇော်မင်းဦးနှင့် ဦးမျိုးမြင့်ထွန်းတို့အား ဒါရိုက်တာအဖွဲ့ဝင်များအဖြစ်ပြန်လည်ခန့်အပ်မည်ကို အစုရှယ်ယာရှင်များက "သဘောတူပါသလား" ဟု အခမ်းအနားမှူးက မေးမြန်းရာ တက်ရောက်လာကြသူများက သဘောတူပါကြောင်းပြောကြားသဖြင့် ဦးထင်အောင်ခိုင်၊ ဦးဇော်မင်းဦးနှင့် ဦးမျိုးမြင့်ထွန်းတို့အား ၂၀၂၃-

၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ်ပြန်လည်ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်ကကြေညာပါသည်။

ဆက်လက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာများအား မှတ်တမ်းတင်ရန်အတွက် စုပေါင်းဓါတ်ပုံရိုက်ကူးကြပါသည်။

**အစီအစဉ် (၈) အရ -** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်မင်းဦးက အမှာစကား ပြောကြားရာတွင် -

"အားလုံးပဲမင်္ဂလာပါခင်ဗျာ" ဟု ဦးစွာနှုတ်ခွန်းဆက်သပြီး၊ အရွေးချယ်ခံရသည့် ဒါရိုက်တာအဖွဲ့၏ ကိုယ်စားပြောကြားခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံးပြောကြားချင်တာကတော့ အချိန်မအားလပ်တဲ့ကြားက ယခုပွဲကိုတက်ရောက်ပေးကြတဲ့ ကျွန်တော်တို့ရဲ့ နာယကကြီး ဆရာဦးသိန်းဦးနှင့်တကွ ဆရာဦးခွန်ဦးနှင့် အစုရှယ်ယာရှင်များ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း၊ ဒါရိုက်အဖြစ်ပြန်လည်ရွေးချယ်တဲ့နေရာမှာလည်း (၃)ဦးထွက်ပြီး (၃)ဦးပြန်လည်ရွေးကောက်ခံရတာက ဘာကိုပြောနေသလဲဆိုတော့ ကျွန်တော်တို့မှာ လူက တော့ တော်တော်လေးလိုနေတယ်ဆိုသည့် သဘောဖြစ်ကြောင်း၊ အခုကလုပ်ပေးမဲ့သူကရှားပြီးတော့ ကျွန်တော်တို့ကိုယ်တိုင်လည်း မနည်းကိုလုပ်နေရကြောင်း၊ အားလုံးစုထားတဲ့ကိစ္စဆိုတော့ အားလုံးဝိုင်းလုပ်မှဖြစ်မယ် ဆိုပြီး စည်းရုံးနေရတဲ့သဘောဖြစ်ကြောင်း၊ အနှစ်ချုပ်ကတော့ ဆရာတို့ရဲ့အင်အားများ လိုအပ်ပါကြောင်း၊ ကျွန်တော်တို့အနေနဲ့ ပြန်ပြီးသုံးသပ်ရမယ်ဆိုရင် (၁၀)နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အမည်ပေးထားတာကိုက Technologies and Investment ဆိုပြီး Technology မှာ Invest လုပ်မယ်ဆိုတဲ့သဘောဖြစ်ကြောင်း၊ ပထမဆုံး ပေါ်လာတဲ့ အခွင့်အလမ်းအရ Invest လုပ်ခဲ့တာက သီလဝါမှာဖြစ်ပြီး၊ နောက်တော့ Telecom ပေါ်လာတော့ MNTH မှာ ထည့်ဝင်ခဲ့ကြောင်း၊ နောက်ပိုင်း (၃)နှစ်လောက်ကြာတော့ ဒီအတိုင်းရှယ်ယာထည့်ပြီး ထိုင်စောင့် နေရင်တော့ Operation cost က တစ်လကို ကျပ်သိန်း (၁၅၀) ခန့်ဖြစ်လို့ သိတ်မလွယ်ဘူးလို့ယူဆပြီး ဒီ Operation cost ကို Cover ဖြစ်အောင် အလုပ်လုပ်ကြရမယ်လို့ စဉ်းစားမိတာကြောင့် အဲဒီတုန်းက ISP လုပ်ကြမယ်၊ Tower ကုမ္ပဏီထောင်မယ်၊ စသဖြင့်ကြိုးစားခဲ့ကြောင်း၊ ဒါပေမဲ့ ဒါတွေက Investment လည်းများ တယ်၊ အခြေအနေကလည်းမပေးခဲ့တော့ တစ်ခြားဟာကိုစဉ်းစားတဲ့အခါမှာ အခု CEO ရှင်းပြခဲ့တဲ့ "လိုရာ"၊ နောက် Payment gateway စသည်တို့ဖြစ်ပြီး ကျွန်တော်တို့ အဆိုးဝါးဆုံးရုန်းကန်ခဲ့ရတဲ့အခြေအနေကတော့ COVID-19 နှောင်းပိုင်းကာလများဖြစ်ကြောင်း၊ ဒါပေမဲ့လည်း ကိန်းဂဏန်းတွေအရပြန်ကြည့်မယ်ဆိုပါက ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုက (၅.၈) ဘီလီယံကျပ်ဖြစ်ပြီး အဲဒီအချိန်မှာ USD နဲ့တွက်မည်ဆိုပါက (5.8) Million လို့ပြော၍ရကြောင်း၊ ယခု အများဆုံးထည့်ထားတာကိုကြည့်မည်ဆိုရင် MNTH သို့ထည့်ဝင်ထားတာ ဖြစ်ပြီး၊ သူက တာဝါကုမ္ပဏီတစ်ခုတည်ထောင်ထားကာ တာဝါတိုင် (၂၇၀) တိုင်ပိုင်ဆိုင်ပြီး တစ်လလျှင် ကျပ်သိန်း (၈,၀၀၀) ကျော်ဝင်ငွေရှိကြောင်း၊ Operation cost နုတ်ပြီး Positive ဖြစ်ထားကြောင်း၊ သူက Mytel

မှာ ၁၂ % ပါဝင် ကြောင်း၊ Mytel ရဲ့ Equity က (345) Million USD ဖြစ်ပြီး နောက်ထပ် ထပ်ပြီး Frequency ဝယ်ထား တာနဲ့ဆိုပါက ၁၂ % သည် (၄၈) ဘီလီယံကျပ်ရှိပြီး သူ့ရဲ့ ၁၀.၆ % က MTI အများပိုင်ကုမ္ပဏီက ပိုင်ဆိုင်တာကြောင့် (၅) ဘီလီယံကျပ်ကျော်ဖြစ်ကြောင်း၊ ဒါက အရင်းအတိုင်းသာတွက်ချက်ထားတာဖြစ်ကြောင်း၊ ဒီနေ့ Mytel ရဲ့ လစဉ်ဝင်ငွေက (၁၀၀) ဘီလီယံကျပ်ဖြစ်ပြီး၊ Operation cost နုတ်ပြီးပါက Positive ဖြစ်ကြောင်း၊ ဒါပေမဲ့လည်း ROI နောက်ကျရတာက အားလုံးသိတဲ့အတိုင်းပဲ ဝင်ငွေက MMK ဖြစ်ကာ သူ့ရဲ့ Investment က USD ဖြစ်တာကြောင့် Convert လုပ်တဲ့အခါမှာ သူ့ရဲ့ Cost က (25) Million USD လောက် ကျကြောင်း၊ ဒါကြောင့် တစ်လလျှင် (5) Million USD ခန့်သာမြတ်တာကြောင့် ROI က နောက်ကျရကြောင်း၊ သူ့ရဲ့ Focus အရ Next (10) ဆိုတော့ ၂၀၃၃ ဖြစ်ပြီး ဒီအတိုင်းသွားပြီး Evaluate လုပ်ကြည့်သည့်အခါ (2.3) Billion USD ဖြစ်မယ်လို့မှန်းထားကြောင်း၊ အခု သုံးစွဲသူ(၁၆) သန်းရှိပြီး Very competitive market ဖြစ်ကြောင်း၊ ဒါကြောင့် ဆရာတို့ ကိုယ့်ဘာသာ ဘယ်လောက်ဖြစ်မလဲ? တွက်ကြည့်လို့ရကြောင်း၊ ဒါက MNTH တစ်ခုတည်းအတွက်တင်ပြခြင်းဖြစ်ကြောင်း၊ ဒါကြောင့် အခုကျွန်တော်တို့ ဆရာတို့ပိုက်ဆံနဲ့ Investment လုပ်ထားခဲ့တာသည် အခုအချိန်ထိ အမြတ်ဖြစ်နေတယ်ဆိုတာကို ပထမဦးဆုံး Message ပေးချင်ပါကြောင်း၊ အခုဆိုရင် Daily Operation အနေနဲ့ "လိုရာ" နဲ့ MPSS ကိစ္စကိုပြန်ပြောရမည်ဆိုပါက အစောပိုင်းက CEO ပြောခဲ့သလိုပဲ "လိုရာ" က တော်တော်လေးကိုပဲ Compete လုပ်ရပေမဲ့ Branding ဖြစ်သွားပြီဖြစ်ကြောင်း၊ မြန်မာကရေးထားတဲ့ Program တစ်ခုဟာ လက်ရှိမှာ Grab နဲ့ Competitive ဖြစ်ပြီးတော့ သုံးနေတဲ့အနေ အထားတစ်ခုရောက်နေပြီး ကျွန်တော်တို့ ဆရာတို့ကသာ ဝိုင်းမပေးလိုက်မည်ဆိုပါက Grab ကို ကျော်မယ်လို့ မပြောလိုပေမဲ့လည်း Market ရဲ့ % တစ်ခုကို ကျွန်တော်တို့ရရှိမှာဖြစ်ကြောင်း၊ ကျွန်တော်တို့က နောက် (၂) နှစ် (၃)နှစ်မှာ ဘာလို့ အပြင်မထွက်နိုင်ရမှာလဲ? Grab ကို ဒီမှာယှဉ်လို့ရရင် တခြားမှာလည်းယှဉ်လို့ရနိုင်ကြောင်း၊ ကျွန်တော်ပြောချင်တာက လမ်းကြောင်းကိုမြင်နေရတယ်၊ ဆက်ပြီးသေသေချာချာဝိုင်းဝန်းလုပ်မယ်ဆိုရင် ပေါက်သွားမှာဖြစ်ကြောင်း၊ ဒီ App အတွက် ငွေချေးထားရတာတွေရှိတယ်၊ ဒီနေ့ပြန်ဆပ်ချင်သည်ဆိုပါက MTSH ရဲ့ အစုရှယ်ယာကို ရောင်းပြီး ပြန်ဆပ်လို့ရကြောင်း၊ သို့သော်လည်းပဲ ဟိုနေ့က BOD Meeting မှာ ကျွန်တော်ကပဲ ခဏနေပါဦး၊ MTSH ရဲ့ ရှယ်ယာဈေးက အခုအချိန်မှာ (၃,၀၀၀) ကျပ်ကျော်သာရှိတာကြောင့် အရင်က (3) USD လောက်တန်တာသည် ယခု (1) USD သာတန်ကြောင်း၊ ဒါကြောင့် ခဏလေးနေပါဦး လို့ပြောခဲ့ကြောင်း၊ ဒါဆိုရင် "လိုရာ" နဲ့ MPSS လုပ်ငန်းတွေ ဆက်သွားဖို့အတွက် Cash ကို ဘယ်ကနေ ရှာရမလဲ? ဆိုတာ စဉ်စားစရာရှိကြောင်း၊ ငွေရဖို့က (၃) ချက်ရှိရာ၊ ပထမအချက်က ငွေထပ်ချေးမလား? ဒုတိယက MTSH ရှယ်ယာကိုရောင်းမလား? Shareholder များထံက Raise လုပ်မလား? ဆိုတာဖြစ်ကြောင်း၊ ဆရာတို့အနေနဲ့ စဉ်းစားစေလိုတာက လက်ရှိ App က Running ဖြစ်နေတယ်၊ Grab နဲ့ပြိုင်နေရတယ်၊ ဒီ App က မြန်မာပြည်ထဲကနေ ဘာလို့ Bangladesh, Laos, Cambodia စတဲ့ နိုင်ငံတွေကိုမသွားနိုင်ရမှာလဲ?

ထိုင်းကိုသွားရင်တောင် မြန်မာတွေအများကြီးရှိကြောင်း၊ မြင်နေရပြီဆိုတဲ့သဘောကိုပြောချင်တာဖြစ်ကြောင်း၊ ထို့အတူပဲ MPSS ရဲ့ Payment Gateway သည်လည်း ယခုအခါ အခြေအနေမဆိုးဘူးလို့ပြောရမှာ ဖြစ်ကြောင်း၊ ဆရာတို့ကိုပေးချင်တဲ့ Message က Internal Revenue Department (IRD) မှာ Tax ကောက်တာနဲ့ပတ်သက်ပြီးလုပ်ပေးထားတဲ့ Gateway (၂)ခုရှိပြီး၊ တစ်ခုက ကျွန်တော်တို့ MPSS ရဲ့ Payment gateway ဖြစ်ကြောင်း၊ သူကလည်း ဒီတိုင်းပြည်မှာသာ Market share တစ်ခုရခဲ့ပါက တခြားနေရာကို Extend လုပ်၍ရမှာဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်တော်တို့ Target ထားပြီး သွားနေတဲ့ (၂)ခုစလုံးသည် Future မှာ Potential ရှိတာတွေပဲဖြစ်ကြောင်း၊ ကျွန်တော်တို့ Aim လုပ်ထားတာက ၂၀၂၆ ခုနှစ်က စတင်ပြီး MNTH မှ Dividend ပေးမယ်လို့မှန်းထားပေမဲ့ Unfortunately ဖြစ်ပြီး၊ ဒီ Inflation ပြဿနာပေါ်လာတာကြောင့် အမြတ်ငွေကိစ္စက မခွဲနိုင်ဘူးဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်းပဲ MNTH ကိစ္စကိုပြန်ပြောရမည်ဆိုပါက သူ့ရဲ့ စုစည်းမှုက Nearly (၅၅) ဘီလီယံကျပ်ခန့်ရှိပြီး ကျွန်တော်တို့က (၆.၂) ဘီလီယံထည့်ထားကြောင်း၊ သူကဘဏ် ကနေ (၄၂) ဘီလီယံကျပ် ချေးထားပြီး သူ့ရဲ့ရရန်ရှိကလည်း (8.5) Million USD Plus ထပ်ပြီးရရန်ရှိတဲ့ တိုးရင်း ပေါင်းကို ပြန်ပေါင်းထားတာများကို တွက်ကြည့်ပါက (၄၂) ဘီလီယံခန့်ပဲဖြစ်ကြောင်း၊ သဘောက ရရန်ရှိနဲ့ ပေးရန်ရှိက ကြေနေတယ်ဆိုတဲ့သဘောဖြစ်ကြောင်း၊ အခုဖြစ်နေတဲ့သဘောက သူရဖို့ရှိတဲ့ Interest က နှစ်ကုန် မှရတော့ Delay ဖြစ်ပြီး ရတဲ့သဘောဖြစ်ပြီး၊ သူကပေးစရာရှိတဲ့ Interest ကိုတော့ လစဉ်မှန်မှန်ပေးရတာ ဖြစ်တာကြောင့် Cash က Positive မဖြစ်ကြောင်း၊ အကယ်၍သာ ဟိုဖက်/ဒီဖက် မှန်မှန်ပေးလို့ရပါက စောစောကပြောတဲ့ ကျပ်သိန်း (၈,၀၀၀) က Positive ဖြစ်မှာဖြစ်ကာ ဒါကိုပြန်စုပြီး Dividend ပေးမယ်လို့တော့ အကြမ်းဖျင်းစဉ်းစားထားကြောင်း၊ ဒီကျပ်သိန်း (၈,၀၀၀) ကလည်း (၂,၁၀၀) နှင့်တွက်လို့ရတာဖြစ်ကြောင်း၊ ဒါကြောင့် ကျွန်တော်ပြန်ပြီးချုံ့ရမည်ဆိုပါက ဆရာတို့ ရင်းနှီးမြှုပ်နှံထားတာသည် သိတ်စိုးရိမ်စရာမလိုကြောင်း၊ ဒီနှစ်ထဲမှာစောစောကပြောတဲ့ "လိုရာ" နဲ့ MPSS ကိုအဓိကတွန်းရမှာဖြစ်ပြီး ဆရာတို့ရဲ့အကူအညီ အများကြီးလိုအပ်ကြောင်း၊ Cost အနေနဲ့ကလည်း အများကြီးကုန်ကျခဲ့တာမဟုတ်ဘဲ ဒီနေရာကိုရောက်လာ ခဲ့တာဖြစ်ကြောင်း၊ အခုတွန်းဖို့က Marketing နဲ့ Branding အတွက်လိုအပ်နေကြောင်း၊ ကျွန်တော်တို့ BOD က ငွေမချေးဘူးလို့ ယူဆခဲ့ရင် ဆရာတို့ဆီက ငွေထည့်ဖို့အကူအညီတောင်းရင်တောင်း၊ သို့မဟုတ်ပါက Shareholder အသစ်ရှာရတော့မှာဖြစ်ပြီး တစ်ခုခုတော့လုပ်ရမှာဖြစ်ကြောင်း၊ ဒီ Amount က အများကြီး တော့ဖြစ်မယ်မထင်ကြောင်း၊ ဒါလေးကိုတော့ ရှယ်ယာရှင်များကိုတင်ပြလိုပါကြောင်း၊ ဒီနေ့ AGM ကို တက်ရောက်ပေးကြလို့လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အခုက ခက်ခဲတဲ့အခြေအနေတစ်ခုကိုဖြတ်သန်းနေရ တာဖြစ်ပေမဲ့လည်း အခြားအဖွဲ့အစည်းများနှင့်စာရင် တော်တော်လေးအဆင်ပြေတယ်လို့ပြောလို့ရမှာဖြစ်သလို ရှေ့မှာလည်း ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့ အနေအထားလေးတွေလည်းရှိတာကြောင့် ဆရာတို့အနေနဲ့ ယုံယုံကြည်ကြည်နဲ့ လက်တွဲပါ၊ နောင်တချိန်မှာကျွန်တော်တို့ရဲ့ရည်မှန်းချက်ကတော့ အားလုံးသိတဲ့အတိုင်းပဲ

Stock Exchange ကိုတက်ရောက်နိုင်ဖို့ပဲဖြစ်ကြောင်း၊ ပြောကြားရင်း အလွန်တရာမှပျော်ရွှင်စရာနေ့လေး ဖြစ်ပါစေကြောင်း၊ ဆုတောင်းရင်း နိဂုံးချုပ်ခဲ့ပါသည်။

**အစီအစဉ် (၉) အရ -** ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးအောင်မြင်စွာပြီးဆုံးကြောင်း၊ အခမ်းအနားမှူးကကြေညာပြီး MTI အများပိုင်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို ညနေ (၄း၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

**အစည်းအဝေးမှတ်တမ်းတင်သူ**

သူရ

Manager
MTI Corporation

**အတည်ပြုသူ**

ထင်အောင်ခိုင်

Chairman
MTI Corporation